EMReF Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၇

ဧပြီ ၂၃ ရက်၊ ၂၀၁၉



## သတင်းဓာတ်ပုံ

(၁.၄.၂၀၁၉) ရက်နေ့က ရှမ်းပြည်နယ်လွှတ်တော်၊ သံလွင်ခန်းမ၌ ရှမ်းပြည်နယ်လွှတ်တော်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများ တွေ့ဆုံ၍ အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးဥပဒေ (မူကြမ်း) နှင့် ရှမ်းပြည်နယ်သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)များ ဆွေးနွေးကြစဉ်။

**(သတင်းဓာတ်ပုံ- Shan State Parliament)**

# လွှတ်တော်နှင့် မဲဆန္ဒရှင်များအကြားက ပေါင်းကူးတံတား

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် သုံးနှစ်တာမှတ်တမ်း

၂၀၁၉ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် နောက်ဆုံးကောက်ခံရရှိထားသည့် အချက်အလက်များကိုအခြေခံပြီး ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် သက်တမ်းသုံးနှစ်တာကာလ ဆောင်ရွက်ချက်များကို မဲဆန္ဒရှင်ပြည်သူများ အလွယ်တကူအကဲဖြတ် လေ့လာနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ် သုံးနှစ်ဆောင်ရွက်ချက်မှတ်တမ်း (MP Performance Scorecard) ရေးသားပြုစုလျက်ရှိကြောင်း သိရသည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်ဆောင်ရွက်ချက်မှတ်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ လွှတ်တော်သုံးနှစ်တာဆောင်ရွက်ချက်များအနက် အောက်ပါအချက်အလက်များ ထည့်သွင်းဖော်ပြမည်ဖြစ်သည်။

- လွှတ်တော်ကိုယ်စားလှယ်၏ ကိုယ်ရေးအချက်အလက်
- ရွေးကောက်ပွဲတွင် ခိုင်လုံမဲရရှိမှု အခြေအနေ
- လက်ရှိလွှတ်တော်တာဝန်များ
- လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ (ပုံမှန်အစည်းအဝေး/ အရေးပေါ်-အထူးအစည်းအဝေး)
- ကော်မတီအစီရင်ခံစာ တင်သွင်းမှု အခြေ အနေ
- အဆိုတင်သွင်းမှု၊ အဆိုဝင်ရောက်ဆွေးနွေးမှု
- မေးခွန်းမေးမြန်းမှုအခြေအနေ
- မေးခွန်းများအပေါ် ကတိကဝတ်ဖြစ်မှု အခြေအနေ
- မေးခွန်းများ၏ ဝန်ကြီးဌာနအလိုက် မေးမြန်းမှု
- မေးခွန်းများကဏ္ဍအလိုက် မေးမြန်းမှု (အရည်အသွေးပြနည်း)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ သုံးနှစ်တာကာလ ဆောင်ရွက်မှုမှတ်တမ်း မဲဆန္ဒရှင်ပြည်သူများထံ ဖြန့်ချိနိုင်ရေးကို ဆောင်ရွက်နေပြီဖြစ်ကာ ယခုထုတ်ဝေမည့် မှတ်တမ်းစာစောင်တွင် ကိုယ်စားလှယ်တစ်ဦးချင်း ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းသည့်အရေအတွက်၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍ၊ အုပ်ချုပ်ရေး/ တရားစီရင်ရေးမဏ္ဍိုင်များအပေါ် စိစစ်ထိန်းကျောင်းခြင်းကဏ္ဍ၊ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာကဏ္ဍ၊ အမျိုးသမီး/ကလေးသူငယ်နှင့် မသန်စွမ်းအရေးကိစ္စများကို ခွဲခြားလေ့လာထားပြီး မြင်သာထင်သာရှိစေသည့် အချက်အလက်ပြပုံများဖြင့် ဖော်ပြထားသည်ကို https://theananda.org တွင် ဝင်ရောက်လေ့လာနိုင်သည်။

အဆိုပါမှတ်တမ်းနှင့် အချက်အလက်များကို ပဲခူးတိုင်းဒေသကြီးအခြေပြု အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သော သင့်မြတ်သူများ၏ ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့ခွဲ (Pace on Peaceful Pluralism) က ရေးသားပြုစုခြင်းဖြစ်သည်။

**(ကိုးကား:-https://theananda.org)**

# ရေလွှဲတံတားလုပ်ပေးရန် မံစီလွှတ်တော်ကိုယ်စားလှယ် ဒုတိယအကြိမ် တောင်းဆို

**ဧပြီ ၈၊ ၂၀၁၉**



ကချင်ပြည်နယ် မံစီမြို့နယ်တွင် ဟန်ထက်-မန်သဲရွာချင်းဆက် တာရိုး ပေအရှည် ၁၂၀ ခန့်ရှိသည့် တာရိုးဘောင်ပေါက် ပျက်စီးမှုကြောင့် လယ်ယာမြေများ ရေနစ်မြုပ်ခြင်း၊ ဒေသခံများ သွားလာရန် ခက်ခဲနေကြောင်း မံစီမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းထံမှ သိရသည်။

ထို့ကြောင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းမှ ဒေသခံများသွားလာမှု လွယ်ကူစေရန်အတွက် ရေလွှဲပေါက်တံတားပြုလုပ်ပေးရန် ဒုတိယအကြိမ်မြောက် ကချင်ပြည်နယ် လွှတ်တော်အထူးအစည်းအဝေးတွင် အဆိုတင်သွင်းခဲ့သည်။

"လွှတ်တော်မှာလည်းတင်ခဲ့တယ်။ လွှတ်တော်ပြီးသွားတဲ့အချိန်မှာ အပြင်မှာ ဘဏ္ဍာစီမံဝန်ကြီး နှုတ်ကတိပေးသွားတာတော့ ရှိတယ်။ သူ့အနေနဲ့ ၂၀၁၉- ၂၀၂၀ အမြန်ဆုံးလုပ်ဆောင်ပေးနိုင်ဖို့ ဘတ်ဂျတ်တင်ပေးသွားမယ်ဆိုပြီး ပြောခဲ့တယ်"ဟု ပြောသည်။

လက်ရှိတွင်ဒေသခံများယာယီဝါးတံတားကို အသုံးပြုနေပြီး ယာဉ်ကြီးများသွားလာရန် အဆင်မပြေကြောင်း သိရသည်။ အဆိုပါ ဟန်ထက်-မန်သဲရွာသည် စုစုပေါင်း အိမ်ခြေ ၇၀၀ ခန့်ရှိပြီး ဒေသခံအများစုသည် လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြောင်း သိရသည်။

အဆိုပါ တာရိုးပျက်စီးမှုကြောင့် လက်ရှိတွင် ဒေသခံတောင်သူ ၁၂ ဦးတို့၏ လယ်မြေကေ ၁၂၀ ခန့် ပျက်စီးဆုံးရှုံးသည့်အပြင် ကျောင်းသူ/သား (၁၀၀)ကျော်နှင့် ကျေးလက်နေ ပြည်သူများ တစ်ရွာနှင့်တစ်ရွာကြား သွားလာရန် အခက်ခဲဖြစ်နေကြောင်း ၎င်းက ပြောသည်။

**(ကိုးကား-http://burmese.kachinnews.com)**

# တပ်ပိုင်နက်ကျူးကျော်မှုဖြင့် တရားစွဲခံရသည့်တောင်သူကိစ္စ ပြည်နယ်လွှတ်တော်အဆင့်ဆင့် ဆောင်ရွက်နေဟုဆို

**ဧပြီ ၁၂၊၂၀၁၉**

ကယားပြည်နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာတွင် နေထိုင်သူဖြစ်သော ဒေါ်နန်းကွယ်နှင့် ဦးမြတ်စိုးအောင်တို့ကို တပ်မတော် (မူရင်းတွင် စစ်တပ်ဟုဖော်ပြ) ပိုင်နက်ကျူးကျော်မှုဖြင့် တရားစွဲဆိုခံရသည့်ကိစ္စ တရားမျှတမှုရှိစေရန် ပြည်နယ်လွှတ်တော်တွင်လည်း အဆင့်ဆင့်ဖြေရှင်းပေးနေသည်ဟု ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးလှထွေးက ပြောသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်တွင် ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်ရုံးအသီးသီးကို မတရားသိမ်းဆည်းမှုပြုလုပ်သည့်အပေါ် ပိုင်နက်ကျူးကျော်မှုဖြင့် တရားစွဲခံရသည့်အပေါ်ပြန်လည်စိစစ်ပေးပါရန် မြေနီကုန်းကျေးရွာ မြေသိမ်းဆည်းခံတောင်သူများက တင်ပြခဲ့ကြခြင်းဖြစ်သည်။

စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း(ဟိုပုံးမြို့)မှ ဗိုလ်ကြီးပြည့်ခင်သန်းက တရားလိုပြု၍ ပိုင်နက်ကျူးလွန်မှု ဥပဒေပုဒ်မ(၄၄၇) ဖြင့် ဒေါ်နန်းကွယ်နှင့် ဦးမြတ်စိုးအောင်တို့ကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့က အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

မြေနီကုန်းကျေးရွာတောင်သူ ဒေါ်နန်းကွယ် အသက် (၇၄) နှစ်မှ မိမိ၏ဘိုးဘွားမြေပေါ်တွင် တစ်သက်လုံး လုပ်ကိုင်စားသောက်လာခဲ့ရာ ယခုလို တရားရင်ဆိုင်နေရသည့်အတွက် ကြောက်လန့်မှုများဖြစ်လာစေသည်ဟု ဆိုသည်။

တရားရင်ဆိုင်နေရသည့် ဒေါ်နန်းကွယ်က "အေး အခက်အခဲတော့ရှိတယ်၊ သွားရလာရတာလည်း ခက်ခဲတယ်၊ နေလည်းမကောင်းဘူး၊ စစတုန်းကဆို စစ်သားကိုမြင်တာနဲ့ တအားကြောက်တယ်၊ စိတ်ဆင်းရဲတယ်။ နေမကောင်းရင်လည်း သွားနေရတယ်လေး။ တအားစိတ်ဆင်းရဲတယ်။ ပင်ပန်းတယ်လေ"ဟု ပြောသည်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နွားလပိုးကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာအပါအဝင် အခြားကျေးရွာ (၁၁) ရွာရှိ လယ်မြေနှင့် တောင်ယာမြေများအား(၁၉၉၁-၉၂) ခုနှစ်မှစတင်၍ တပ်မတော်က သိမ်းဆည်းခဲ့သည်။

လွိုင်ကော်မြို့အဝင် မြေနီကုန်းကျေးရွာ၏ လွိုင်ကော်-တောင်ကြီး ပြည်ထောင်စုကားလမ်းမကြီး အရှေ့ဘက်တွင် အမှတ် (၂၅၀) ခြေလျင်တပ်ရင်းတည်ဆောက်ရန် (၇၈၇) ဧက၊ ၎င်းတပ်ရင်းနှင့် ကပ်လျက် အမှတ် (၃၅၆) အမြောက်တပ်ရင်း တည်ဆောက်ရန် (၆.၂၆.၈၂) ဧကနှင့် မြေနီကုန်းကျေးရွာမြောက်ဘက် မိုင်ဝက်ခန့်အကွာ (လွိုင်ကော်၊ တောင်ကြီး ပြည်ထောင်စုလမ်းမကြီး) အနောက်ဘက်တွင် အမှတ်(၂၆၁) ခြေလျင်တပ်ရင်းတည်ဆောက်ရန် (၅၉၇) ဧကစုစုပေါင်း တပ်ရင်း( ၃) ရင်း တည်ဆောက်ခြင်းအတွက် လယ်ယာမြေ (၂၀၁၀.၈၂) ဧက သိမ်းဆည်း၍ တပ်တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့သည်ဟုလည်း သိရသည်။

**(ကိုးကား- ကန္တာရဝတီတိုင်း(မ်))**

# တောင်ကလေး တိုးချဲ့မြို့ပြစီမံကိန်းကို ကရင်ပြည်နယ်လွှတ်တော်တွင် အတည်ပြု

**ဧပြီလ ၃ ရက်၊ ၂၀၁၉**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ် စံဖရိုး ကျေးရွာအုပ်စုအတွင်း တောင်ကလေးတိုးချဲ့ မြို့ပြအိမ်ရာစီမံကိန်းတစ်ခု ဖော်ဆောင်သွားရန် ဧပြီလ ၃ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် ပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး တတိယနေ့တွင် အတည်ပြုလိုက်ပြီဖြစ်သည်။

ယင်းအဆိုကို ကရင် ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်မှ ဧပြီလ ၁ ရက်နေ့တွင် စတင်ကျင်းပသည့် ဒုတိယအကြိမ်မြောက် ပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ပထမနေ့တွင် အဆိုတင်သွင်းခဲ့ခြင်း ဖြစ်သည်။ ဝန်ကြီးဦးသန်းနိုင်က "ကျွန်တော်တို့ အနေနဲ့က ဒီဒေသခံပြည်သူတွေထဲက နစ်နာရတဲ့သူတွေအပြင် တန် ၄,၀၀၀၊ တန် ၉၀၀ (ဘီလပ်မြေစက်ရုံစီမံကိန်းကြောင့်) နစ်နာရတဲ့သူတွေအတွက်လည်း စဉ်းစားရတယ်။ ပြီးတော့ စက်မှုဇုန်ကလည်း အဲဒီမှာ ရှိတယ်။ အဲဒီက ရင်းနှီးမြှုပ်နှံသူတွေ အလုပ်သမားတွေနေထိုင်ဖို့ မြို့ပြတစ်ခုဖြစ်ဖို့လည်း အများကြီးလိုပါတယ်။ ဒီကဝန်ထမ်းတွေအတွက်ရော၊ ပင်စင်စားဝန်ထမ်းတွေအတွက်ရော ကြိုစဉ်းစားပြီးတော့ မြို့ပြစီမံကိန်း တစ်ခုကို ဖော်ဆောင်ရင် ဘားအံစည်ပင်နယ်နိမိတ်က ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာမယ်။ အဲဒါတွေအတွက် ရည်ရွယ်ပြီး လုပ်ဆောင်တာဖြစ်ပါတယ်"ဟု ပြောသည်။

တောင်ကလေး တိုးချဲ့မြို့ပြအိမ်ရာစီမံကိန်း အကောင်အထည်ဖော်မည့်မြေ ၉၂၈.၉၃ ဧကကို ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၄၇၁/ ၂၀၁၈ ၊ ၂၀၁၈ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် နိုင်ငံတော်ပိုင်မြေအဖြစ် ပြန်လည်သတ်မှတ်လိုက်ပြီးနောက် တပ်မ (၂၂) ခြေမြန်တပ်မဌာနချုပ်မှ ကရင်ပြည်နယ်အစိုးရအဖွဲ့ထံ ပြန်လည်လွှဲအပ်ခဲ့ရာ ကရင်ပြည်နယ်အစိုးရကိုယ်စား ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်ထံ (၁၂.၆.၂၀၁၈) ရက်နေ့တွင် လွှဲပြောင်းအပ်နှံပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာစီမံကိန်းအတွက် ကရင်ပြည်နယ်




**ဓာတ်ပုံ- ကရင်ပြည်နယ်လွှတ်တော်**

အစိုးရမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာစီမံကိန်းတိုးချဲ့ရေးကော်မတီဖွဲ့စည်းကာ ယင်းကော်မတီဦးဆောင်မှုဖြင့် စံဖရိုးကျေးရွာအုပ်စုအတွင်းရှိ တပ်မတော်မှ စွန့်လွှတ်မြေ ၉၂၈ . ၉၃ ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

ယင်းစီမံကိန်းတွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်းများလည်း ပါဝင်မည်ဖြစ်ပြီး အဆိုပါစီမံကိန်း မြေဧကများထဲမှ မြေဧက ၁၀၀ ပေါ်တွင် SMH ကုမ္ပဏီမှလည်းကောင်း၊ မြေဧက ၂၀ ပေါ်တွင် Golden ZENITH Construction ကုမ္ပဏီမှ ၄ ခန်းတွဲ ၅ ထပ်အဆောက်အအုံ တန်ဖိုးသင့်အိမ်ရာများအတွက် တရုတ်နိုင်ငံမှကုမ္ပဏီတို့ ပူးပေါင်းပြီး ပြည်နယ်အစိုးရနှင့် အကျိုးတူဆောင်ရွက် သွားမည်လည်း ဖြစ်သည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) မှလည်း ယခုအကောင်အထည်ဖော် ဆောင်ရွက်မည့် တိုးချဲ့အိမ်ရာစီမံကိန်းပေါ်တွင် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ဒေသခံများအတွက် ပေ ၆၀x၁၂၀ အကျယ်ရှိ မြေနေရာများကို မိသားစုတစ်စုလျှင် တစ်ကွက်နှုန်းဖြင့် ချထားပေးမှုများလည်းရှိခဲ့ရာ ယင်းမြေကိစ္စနှင့်ပတ်သက်ပြီး KNU နှင့် ပြည်နယ် အစိုးရတို့ အပြန်အလှန်အငြင်းပွားမှုများ ရှိခဲ့သလို မြေကွက်ရယူပိုင်ဆိုင်ထားသည့် ဒေသခံများအနေဖြင့် စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။

အဆိုပါကိစ္စများအပေါ် ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်က "အဲဒီအတွက် နစ်နာမှုအပေါ်မူတည်ပြီး ကျွန်တော်တို့က ၆၀/၈၀၊ ၄၀/၆၀ အကွက်တွေထဲကနေပြီး မရမရှိ ပြန်လည်အစားထိုးပေးအပ်သွားမှာဖြစ်ပါ တယ်"ဟု ပြောသည်။

ကရင်ပြည်နယ် အစိုးရအာဏာပိုင်များမှလည်း ဒေသခံများဝယ်ယူထားသည့် အဆိုပါ မြေဧရိယာပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် ခြံစည်းရိုးများကို အင်အားသုံးရှင်းလင်းမှုများ ရှိခဲ့သည့်အတွက် မြေကွက်ပိုင်ရှင်များမှ မကျေနပ်မှုများ ဖြစ်ပေါ်ခဲ့သလို ယခုစီမံကိန်းနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအနေဖြင့် မိမိတို့အား ပွင့်လင်းမြင်သာစွာ ချပြခြင်းမရှိကြောင်းလည်း ထောက်ပြဝေဖန်မှုများလည်း ရှိနေသည်။

တောင်ကလေး တိုးချဲ့မြို့ပြအိမ်ရာ စီမံကိန်း အကောင်အထည်ဖော်နိုင်ရန်အတွက် ကရင်ပြည်နယ်အစိုးရမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် စီမံကိန်းဆောင်ရွက်ခွင့်ပြုခဲ့ပြီးနောက် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ ရက်စွဲပါ စာအမှတ် ၅၁၁(၅၈၂)/၁၂/အရ သမ္မတရုံးမှ မူအားဖြင့် သဘောတူညီကြောင်း ခွင့်ပြုချက်ရထားပြီးဖြစ်သည်ဟု သိရသည်။

**(ကိုးကား- http://kicnews.org)**